# ပထမအကြိမ်ပြည်သူ့လွှတ်တော်

# ဒုတိယပုံမှန်အစည်းအဝေး

# ဒသမနေ့မှတ်တမ်း(မူကြမ်း)

# (၂-၉-၂၀၁၁)

**အချိန်** ၊၁၀ း ၀၀။

**အခမ်းအနားမှူး**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ ခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးရဲ့ ဒသမနေ့ အစီအစဉ် စတင်ပါတော့မယ်။

**အခမ်းအနားမှူး**။ ။ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒသမနေ့မှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၃၉၅ ဦး ရှိတဲ့အနက် ၃၈၀ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက် ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၆.၂၀ ရာခိုင်နှုန်းရှိပြီး၊ တက်ရောက်တဲ့ကိုယ်စားလှယ်ဦးရေဟာ အစည်း အဝေးအထမြောက်ရန်လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက်ကျော်လွန်တဲ့အတွက်အစည်း အဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။အစည်းအဝေးအစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက် ဆောင်ရွက်သွားပါမယ်။

**ဥက္ကဋ္ဌ**။ ။ယခု ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၀ အရ အစည်းအဝေး မတက်ရောက်နိုင်တဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။ ခွင့်ပန်ကြား လိုသူရှိက ခွင့်ပန်ကြားဖို့ဖြစ်ပါတယ်။

**ဒေါ်နန်းစေအွာ(ဘားအံမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ကျွန်မကတော့ ကရင်ပြည်နယ်၊ ဘားအံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစေအွာ ဖြစ်ပါတယ်ရှင်။ကရင်ပြည်နယ်၊လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောသိန်းအောင် နှင့် သံတောင်မြို့နယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောနေကော်ကြီးတို့၏ ကိုယ်စားခွင့်ပန်ကြားအပ်ပါတယ်ရှင်။ ၎င်းဦးစောသိန်းအောင်နဲ့ ဦးစောနေကော်ကြီးတို့သည် ယမန်

နေ့ညက ဝမ်းပျက်ဝမ်းလျှောရောဂါဝေဒနာ ခံစားနေရပါသဖြင့် စည်ပင်ဧည့်ရိပ်သာ ဆရာဝန်၏ ညွှန်ကြားချက်အရ အနားယူရမည်ဖြစ်ပါသောကြောင့် ၎င်းတို့နှစ်ဦးအား ယနေ့ ၂-၉-၂၀၁၁ (သောကြာနေ့) ကို ခွင့်အဖြစ်သတ်မှတ်ပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ရှင်။

**ဦးစိုးသိန်း(ကလေးဝမဲဆန္ဒနယ်)။** ။လေးစားအပ်သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးဝမြို့နယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစိုးသိန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကချင်ပြည်နယ်၊ မချမ်းဘောမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအင်ဖုန်ဆန်း(ခ) ဦးအင်ထုဖုန်ဆန်းဟာ ခေါင်းမူးခေါင်းကိုက် ဝေဒနာရှိတဲ့အတွက် စည်ပင်ဧည့်ရိပ်သာရှိ ဆေးခန်း၏ ဆရာဝန်ရဲ့ညွှန်ကြားချက်အရ ဒီကနေ့တစ်ရက် အနားယူရန်ညွှန်ကြားထားသဖြင့် ယနေ့ ၂-၉-၂၀၁၁ ခုနှစ် နေ့အားခွင့်အဖြစ်သတ်မှတ်ပေးပါရန် တင်ပြတောင်းခံအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ခွင့်ပြုပါတယ်။

**ဦးပိုက်လင်း(ပလက်ဝမဲဆန္ဒနယ်)။** ။လေးစားစွာဖြင့် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ကတော့ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပိုက်လင်းဖြစ်ပါတယ်။ ချင်းပြည်နယ်၊ ဖလမ်းမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခွန်လိမ်းသည် မနေ့ညက သန်းခေါင်ကျော်မှာ ဗိုက်နာဝမ်းလျှောနေတဲ့အတွက် စည်ပင်ရိပ်သာဆရာဝန်က ယနေ့တစ်ရက် အနားယူရန်ညွှန်ကြားတဲ့အတွက် ယနေ့ ၂-၉-၂၀၁၁ ရက် ခွင့်တစ်ရက် သတ်မှတ်ပေးပါရန် ဦးခွန်လိမ်း ကိုယ်စားလေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ခွင့်ပြုပါတယ်။

**ဦးဌေးလွင်(ခ)ဦးဒီလုံး(နမ့်စန်မဲဆန္ဒနယ်)။** ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အလယ်ပိုင်း၊ နမ့်စန်မဲဆန္ဒနယ်မှ ဦးဌေးလွင်(ခ) ဦးဒီလုံး ဖြစ်ပါတယ်။ ရှမ်းပြည်နယ်တောင်ပိုင်း၊ ဖယ်ခုံမြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖရန်စစ္စကိုသည် အူအတက်ရောင်နေပါသဖြင့် ခုတင် ၁၀၀ ဆေးရုံကြီးသို့ ဆေးကုသမှုခံယူနေရပါ သဖြင့် ၂-၉-၂၀၁၁ ရက်နေ့ကို ခွင့်အဖြစ်သတ်မှတ်ပေးပါရန် ဖယ်ခုံမြို့နယ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဖရန်စစ္စကို ၏ကိုယ်စား လေးစားစွာ ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာတက်ရောက် ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၃၉၅ ဦး၊ ယခင်ကခွင့်ပန်ကြားပြီး လွှတ်တော်က

ခွင့်ပြုထားသူ ၁၀ ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ ၅ ဦး ဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၁၅ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။

ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကအတည်ပြုတဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ကအတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်း အစီအစဉ်စတင်ဆောင်ရွက်ပါမယ်။ ပထမဦးစွာ ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးတင်မောင်ဦးအား မေးမြန်းဖို့ဖိတ်ခေါ်ပါတယ်။

**ဦးတင်မောင်ဦး(ရွှေပြည်သာမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ အားလုံးမင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဦးဖြစ်ပါတယ်။ မေးခွန်းအား ဖတ်ကြားတင်ပြခွင့်ပြုပါ။ ကျွန်တော်တို့ ဒီမေးခွန်းကို မေးမြန်းတင်ပြရခြင်းကတော့ ကျွန်တော်တို့ မဲဆန္ဒနယ်မြေအတွင်းမှာ နေထိုင်သူ လွှတ်တော်ကိုယ်စားလှယ်တွေ နေ့စဉ်ကြုံတွေ့နေရတဲ့ များပြားလှတဲ့ဆန္ဒတွေနဲ့အတူ ရောက်ရှိလာတဲ့ ပြည်သူတွေရဲ့ဆန္ဒ ဖြစ်ပါတယ်။ သူတို့ကနေ ကျွန်တော်တို့ကို ယုံကြည်မှုအပြည့်နဲ့ အားကိုးတကြီးပေးလိုက်တဲ့ မေးခွန်းတွေ၊ တာဝန်တွေအများကြီးပါ။ ကိုယ်စားလှယ်တွေအားလုံးကလည်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်တွေမှာ မပြီးပြတ်နိုင်တဲ့ မေးခွန်းတွေကို လွှတ်တော်ကို သယ်ယူလာပြီး မေးမြန်းဖို့ ကြိုးစားနေကြတာလည်း တွေ့ရပါတယ်။ ကျွန်တော် အခုတင်ပြမယ့်မေးခွန်းက မဲဆန္ဒရှင်များပေးလိုက်တဲ့ မေးခွန်းများစွာထဲကတစ်ခုဖြစ်ပါတယ်။ မေးခွန်းနှင့်ပတ်သက်လို့ တင်ပြရရင် ကျွန်တော်တို့နိုင်ငံတော်မှာ နိုင်ငံ့ဝန်ထမ်းများ သက်ပြည့်အငြိမ်းစားယူခြင်းကို အသက် ၆၀ နှစ်အထိ သတ်မှတ်ထားရှိပါတယ်။ ယခုလို သတ်မှတ်ထားတဲ့ အသက် ၆၀ ဟာ နိုင်ငံ့ဝန်ထမ်းတစ်ဦးအတွက် ကျန်းမာရေး၊ စီးပွားရေး၊ ဘာသာရေးတို့အရ

လျော့ကန်သင့်မြတ်တာ မှန်ပါတယ်။ သို့ပါသော်လည်း ကျွန်တော်တို့နေထိုင်ရာ ရွှေပြည်သာမြို့နယ် အပါအဝင် အခြားတိုင်းဒေသကြီး၊ ပြည်နယ် နှင့် မြို့နယ်အသီးသီးမှာ ယနေ့ကြုံတွေ့နေရတဲ့ အခြေအနေများအရ ပြည်သူ့ဆန္ဒကို တင်ပြသွားမှာဖြစ်ပါတယ်။ ဒါကတော့ အသက် ၆၀ ပြည့်တဲ့ နိုင်ငံ့ဝန်ထမ်းများဟာ နိုင်ငံတော်က သက်ပြည့်ပင်စင်ခံစားခွင့်ပေးလိုက်သော်လည်း စီးပွားရေးအရ စားဝတ်နေရေးအတွက် လိုအပ်မှု၊ ကျန်းမာရေးအရ သင့်တော်ကောင်းမွန်မှုတို့ကြောင့် အလုပ်အကိုင် ပြန်လည်ရှာဖွေနေတာကို တွေ့ရပါတယ်။ ကျွန်တော်တို့ကိုယ်တိုင်လည်း ယနေ့ ရန်ကုန်တိုင်း ဒေသကြီးမှာ အလုပ်အကိုင်ရှာဖွေရေးလုပ်ငန်းကို အခမဲ့ဝန်ဆောင်မှုပေးနေတာမို့ နေ့တဓူဝ ကူညီ ဖြေရှင်းပေးနေရတဲ့ ကိစ္စတစ်ခု ဖြစ်ပါတယ်။ အလုပ်လုပ်ကိုင်နေသူ တော်တော်များများဟာ အသက် ၆၀ နှင့် ၆၅ နှစ်အကြား အမျိုးသမီးအနည်းငယ်နှင့် အမျိုးသားအများစုဖြစ်တာကို တွေ့ရပါတယ်။ ဒါကြောင့် နိုင်ငံတော်ရဲ့တန်ဖိုးရှိတဲ့ လူသားအရင်းအမြစ် များကို ကာလပိုမို အသုံးချခွင့်ရရှိဖို့ သူတို့ရဲ့ လုပ်ငန်းအတွေ့အကြုံနဲ့ ကျွမ်းကျင်မှုများကို နိုင်ငံတော် အတွက်ရယူနိုင်ဖို့အတွက် အသက် ၆၀ ပြည့် သော်လည်း ကျန်းမာရေးကောင်းမွန်ပြီး တာဝန်ဆက်လက်ထမ်းဆောင်ဖို့ဆန္ဒရှိသူများကို နှစ်အတိုင်းအတာ တစ်ခုအထိ တာဝန်ဆက်လက်ပေးရမယ်ဆိုရင် နိုင်ငံတော်အတွက်သော်လည်းကောင်း၊ ဝန်ထမ်းမိသားစု များအတွက်သော်လည်းကောင်း အကျိုးတရားများရရှိမယ်လို့မျှော်လင့်ပါတယ်။ ဒီအတွက် ကျွန်တော် မေးမြန်းမယ့် ကြယ်ပွင့်ပြမေးခွန်းကတော့ နိုင်ငံ့ဝန်ထမ်းများ သက်ပြည့်ပင်စင် ခံစားခြင်းကို အသက် ၆၀ ပြည့်သည့်နေ့တွင်ခံစားရန် သက်မှတ်ထားသော်လည်း အသက် ၆၀ နေ့ပြည့်သည့် အချိန်အထိ ကျန်းမာရေးကောင်းမွန်၍ စွမ်းဆောင်ရည်ရှိနေသေးပြီး စားဝတ်နေရေးအခြေအနေ ကလည်း အလုပ်ဆက်လက်လုပ်ကိုင်ဆောင်ရွက်ရန်ဆန္ဒရှိတဲ့ ပုဂ္ဂိုလ်များအတွက် သီးခြားသက်ပြည့် ပင်စင်ခံစားပြီး အသက်ကိုတိုးမြှင့်သတ်မှတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ။ အစီအစဉ်ရှိပါက မည်သည့် အသက်အထိ သတ်မှတ်ထားပြီး၊ မည်သည့်ကာလတွင် ဆောင်ရွက်ပေးမည်ကို ပြန်လည်ဖြေကြား ပေးနိုင်ပါရန် တင်ပြခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးက ဖြေကြားဖို့ဖြစ်ပါတယ်။

**ဦးလှထွန်း(ပြည်ထောင်စုဝန်ကြီး၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ရှေးဦးစွာနှုတ်ခွန်းဆက်သပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဦးရဲ့ နိုင်ငံ့ဝန်ထမ်းများ သက်ပြည့်ပင်စင် ခံစားရမည့် အသက် ၆၀ နှစ်သတ်မှတ်ထားသော်လည်း ကျန်းမာရေးကောင်းမွန်၍ စားဝတ်နေရေးအရ ဆက်လက်

လုပ်ကိုင်ရန် ဆန္ဒရှိသူပုဂ္ဂိုလ်များအတွက် သက်ပြည့်ပင်စင်ခံစားရမည့်အသက်ကို တိုးမြှင့်သတ်မှတ်ပေးရန် အစီအစဉ်ရှိ၊ မရှိ။ ရှိပါက မည်သည့်အသက်အထိ သတ်မှတ်မည်။ မည်သည့်ကာလတွင် ဆောင်ရွက်ပေးမည်။ မရှိပါက မည်သည့်အတွက် မဆောင်ရွက်ပေးနိုင်သနည်းစတဲ့ မေးခွန်းနဲ့ ပတ်သက်ပြီး ကျွန်တော် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးမှ ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။

နိုင်ငံတော်ရဲ့ မြို့ပြဝန်ထမ်းစည်းမျဉ်းအပိုဒ် ၄၅၈ အရ ကန့်သတ်ထားသော အသက်ပြည့်သည့်အခါ၌ နည်းဥပဒေအရ အငြိမ်းစားယူခွင့်ရှိသော ဝန်ထမ်းတစ်ဦးသည် သက်ပြည့် ပင်စင်ကို ခံစားခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားပါသည်။ မြို့ပြဝန်ထမ်းစည်းမျဉ်းအပိုဒ် ၁၄ အရလည်းပဲ ဝန်ထမ်းတစ်ဦးသည် သတ်မှတ်ထားသော အသက်ပြည့်သည့်နေ့ကို အလုပ်မှအနားယူရမည့် နေ့အဖြစ်ရေတွက်ပြီး ထိုနေ့အပါအဝင် ဖြစ်သောနေ့မှစ၍ ယင်းဝန်ထမ်းအား အငြိမ်းစားယူစေရန် သတ်မှတ်သည်ဟု ပြဋ္ဌာန်းထားပါတယ်။ နိုင်ငံ့ဝန်ထမ်းများ သက်ပြည့်ပင်စင် ခံစားရမည့်အသက်ကို ၁၉၂၂ ခုနှစ်၊ မူလအခြေခံနည်းဥပဒေအပိုဒ် ၅၆ အရ ၅၅နှစ်လို့ သတ်မှတ်ခဲ့ပါတယ်။ ပြည်ထောင်စု မြန်မာနိုင်ငံတော်လှန်ရေးအစိုးရလက်ထက်မှာ ပြည်ထဲရေးဌာနရဲ့ ၁၉၆၉ ခုနှစ်၊ မတ်လ ၂၂ ရက်စွဲပါ စာအမှတ်၊ ၃၁၄/၆/ရေး(၁) ဖြင့် ၁၉၆၉ ခုနှစ်၊ မတ်လ ၁၁ ရက်မှစ၍ နိုင်ငံ့ဝန်ထမ်းများ အငြိမ်းစားယူရမည့် အသက်ကို ၅၅ နှစ်ကနေ ၆၀ နှစ်လို့ ပြင်ဆင်သတ်မှတ်ခဲ့ပြီး ယနေ့တိုင် လိုက်နာကျင့်သုံးလျက်ရှိပါတယ်။ ကမ္ဘာ့နိုင်ငံများရဲ့ သက်ပြည့်ပင်စင်ခံစားရမယ့်အသက်ကို လေ့လာဆန်းစစ်၍ ကောက်နှုတ်တင်ပြရလျှင် မြန်မာနိုင်ငံရဲ့ အိမ်နီးချင်းနိုင်ငံတချို့မှာ အသက် ၅၅ နှစ် နှင့် ၆၀ နှစ်၊ ဥရောပနိုင်ငံတွေမှာတော့ ၆၅ နှစ်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကမ္ဘာ့နိုင်ငံများ၏ သက်ပြည့်ပင်စင်ယူရမည့် အသက်သတ်မှတ်ချက်ကို အကြမ်းဖျင်းလေ့လာတဲ့အခါမှာ နိုင်ငံအများစုဟာ သက်ပြည့်ပင်စင်ယူရမည့်အသက်သည် ၆၀ နှစ်ဖြစ်ကြောင်း အောက်ပါ နိုင်ငံ ၁၀ နိုင်ငံကို ကောက်နှုတ်လေ့လာတွေ့ရှိရပါတယ်။

ကမ္ဘောဒီးယားနိုင်ငံ သက်ပြည့်ပင်စင် ၅၅နှစ်၊ သီရိလင်္ကာ ၅၅ နှစ်၊ ဂျပန် ၆၀ နှစ်၊ ပြင်သစ် ၆၀ နှစ်၊ အင်ဒိုနီးရှား ၆၀ နှစ်၊ တရုတ် ၆၀ နှစ်၊ လာအို ၆၀ နှစ်၊ ထိုင်း ၆၀ နှစ်၊ ဆွစ်ဇာလန် ၆၅ နှစ်၊ ဂျာမနီ ၆၅ နှစ်တို့ဖြစ်ပါတယ်။ လေ့လာတွေ့ရှိတဲ့ ၁၀ နိုင်ငံအပြင် လက်ရှိတွေ့ရှိနေရတဲ့ သက်ပြည့်ပင်စင်ခံစားရမယ့်အသက်ကို ပြင်သစ်နိုင်ငံမှာ ၆၀ နှစ်ကနေပြီးတော့ ၆၂ နှစ်သို့ တိုးမြှင့်ရန်ဆောင်ရွက်လျက်ရှိရာ ပြင်သစ်နိုင်ငံ၏သက်ပြည့်ပင်စင် ခံစားရမယ့်အသက်တိုးမြှင့်ခြင်းကို ဝန်ထမ်းများ၊ အလုပ်သမားများက ရက်အတန်ကြာဆန္ဒပြမှုနှင့် ရင်ဆိုင်ခဲ့ရကြောင်းနှင့် ပြင်သစ်နိုင်ငံရဲ့ သက်ပြည့်ပင်စင်

ခံစားရမည့် အသက်တိုးမြှင့်ရခြင်း အကြောင်းအရင်းမှာ ပင်စင်ရန်ပုံငွေမလုံလောက်မှု အခက်အခဲကို ဖြေရှင်းခြင်းဖြစ်ကြောင်း လေ့လာသိရှိရပါတယ်။ ကျွန်တော်တို့ရဲ့ အိမ်နီးချင်းနိုင်ငံတစ်ခုဖြစ်တဲ့ အိန္ဒိယမှာတော့ သက်ပြည့်ပင်စင်ယူမည့် အသက်ကို ၆၅ နှစ်ကနေ ၆၀ နှစ်သို့ လျှော့ချရန်စီစဉ် လျက်ရှိပြီး ဝန်ထမ်းများနှင့်လူမှုဖူလုံရေး အဖွဲ့အစည်းများကလည်း ဒီကိစ္စကို ကြိုဆိုကြောင်းတွေ့ရှိရ ပါတယ်။ ကျွန်တော်တို့ နိုင်ငံအနေနဲ့ သက်ပြည့်ပင်စင် ခံစားရမယ့်အသက်ကို သတ်မှတ်တဲ့နေရာမှာ ဒီနိုင်ငံရဲ့ လူသက်တမ်းကြာရှည်မှုကို အဓိကထည့်သွင်းစဉ်းစား သတ်မှတ်လေ့ရှိပါတယ်။မြန်မာနိုင်ငံရဲ့ လူသက်တမ်းကိုလေ့လာတဲ့အခါမှာ လူ့သက်တမ်းကြာရှည်မှုကို လေ့လာကြည့်ရာမှာ မြို့ပြမှာရှိတဲ့ အမျိုးသားရဲ့ပျမ်းမျှအသက်က ၆.၁၊ အမျိုးသမီးရဲ့ပျမ်းမျှအသက်က ၇၀.၅ နှစ်ရှိပါတယ်။ ကျေးလက် ဒေသမှာတော့ အမျိုးသားများရဲ့အသက်က ၆၃.၉ နှစ်နှင့် အမျိုးသမီးရဲ့ပျမ်းမျှအသက်က ၆၇.၄ နှစ်ရှိ ပါတယ်။ ပျမ်းမျှအားဖြင့် အမျိုးသားများအသက်က ၆၄.၅ နှစ်ဖြစ်ပြီး၊ အမျိုးသမီးရဲ့အသက်က ၆၉ နှစ် ရှိပါတယ်။တစ်နိုင်ငံလုံး အမျိုးသား၊အမျိုးသမီးကို ပျမ်းမျှယူလိုက်မယ်ဆိုရင် ကျွန်တော်တို့နိုင်ငံရဲ့လူ့ သက်တမ်းဟာ ၆၆.၈ နှစ်ဖြစ်ကြောင်း၊ ဗဟိုစာရင်းအင်းအဖွဲ့ရဲ့ အစီရင်ခံစာအရလေ့လာတွေ့ရှိရပါ တယ်။ထို့အတွက်ကြောင့် မြန်မာနိုင်ငံ၏ အမျိုးသား၊အမျိုးသမီး သက်တမ်းရှည်ကြာမှုပျမ်းမျှအားဖြင့် ၆၆ နှစ် နှင့်နှိုင်းယှဉ်ပါက လက်ရှိသက်ပြည့်ပင်စင်စားရမည့် အသက်က ၆၀ သတ်မှတ်ထားခြင်းဟာ ကျွန်တော်တို့ ကျိုးကြောင်းဆီလျော်နေဆဲ အခြေအနေများကိုတွေ့ရပါတယ်။ ထို့အတွက်ကြောင့် နိုင်ငံ့ဝန်ထမ်းများ၏ သက်ပြည့်ပင်စင်ခံစားရမည့် သက်ပြည့်ပင်စင်ခံစားရမည့်အသက်ကို သက်တမ်း တိုးမြှင့်ပေးရန် လတ်တလောအားဖြင့် အစီအစဉ်မရှိသေးပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မလှိုင်မဲဆန္ဒနယ်မှ ဦးအေးမောက် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအေးမောက်(မလှိုင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် တကွ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ တက်ရောက်လာကြသော ပြည်ထောင်စုဝန်ကြီးများနှင့် ဖိတ်ကြားထားသောဧည့်သည်တော်များခင်ဗျား အားလုံးစိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်တောင်းရင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ မလှိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးမောက်ဖြစ်ပါ တယ်။ ကျွန်တော်အနေနဲ့ လွပ်လပ်သောကုန်သွယ်မှု ဒေသကြီးဖြစ်လာမယ့် ၂၀၁၅ ခုနှစ်မှာကျင့်သုံး လာတဲ့အခါမှာ ဖြစ်ပေါ်လာမယ့် အခြေအနေများကို မေးမြန်းသွားမှာဖြစ်ပါတယ်။ ဒီမေးမြန်းမှုနဲ့ ပတ်သက်လို့ လွပ်လပ်သောကုန်သွယ်မှု ဒေသပေါ်ပေါက်ကျင့်သုံးလာတဲ့အခါမှာ အကောက်အခွန်

လျော့ပေါ့ခံစားခွင့် C.E.P.T(Compound Effective Preferential Traff)တွေဟာ အဖွဲ့ဝင်နိုင်ငံများအားလုံး ခံစားရမှာဖြစ်ပါတယ်။ သတ်မှတ်တဲ့ကုန်စည်များကိုလည်း သတ်မှတ်စည်းကမ်းနည်းလမ်းများဖြင့် လွတ်လပ်စွာတင်ပို့ရောင်းချခွင့် ရရှိတော့မှာဖြစ်ပါတယ်။ အဲဒီအခါမှာ အခွန်ဘဏ္ဍာများလျော့နည်းရနိုင်သလို ကုန်ပစ္စည်းများဟာလည်း လွတ်လပ်စွာဝင်ရောက်တဲ့အခါမှာ ပြည်တွင်းမှထုတ်ကုန်များနဲ့ စက်မှုလုပ်ငန်းများမှာလည်း ယှဉ်ပြိုင်လာရတဲ့အခါမှာ ထိခိုက်မှုများရှိလာနိုင်ပါတယ်။ ပြည်တွင်း၊ လွန်ခဲ့တဲ့ ၁၀ နှစ်ကျော်က Data အရပြည်တွင်းမှာ အကောက်အခွန် ဆိုင်ကုန်ပစ္စည်းအမယ်ပေါင်း ၅၄၇၃ ခု အနက်က ၂၃၅၆ ခုမှာတော့ အကောက်အခွန်လျှော့ပေါ့ ခံစားနိုင်မှာဖြစ်တယ်လို့တွေ့ရှိရပါတယ်။ ယခုအချိန်အခါမှာတော့ အမှန်တကယ်စတင်ဆောင်ရွက်လာတဲ့ စီးပွားရေး၊ ဈေးကွက်စီးပွာရေးစနစ်အရလည်းကောင်း၊ ပြုပြင်ပြောင်းလဲလာတဲ့ မူဝါဒများအရလည်းကောင်း၊ ဖြစ်ပေါ်လာနိုင်မယ့်အခြေအနေများကို သိရှိနိုင်ရန်အတွက် အောက်ဖော်ပြပါမေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။

မေးခွန်းအနေနဲ့ကတော့ ၁၉၉၂ ခုနှစ်တွင် AFTA ခေါ် လွတ်လပ်သောကုန်သွယ်မှုဒေသထူထောင်ခဲ့ကြပါသည်။ အဓိကရည်ရွယ်ချက်မှာ ကမ္ဘာ့ဈေးကွက်အတွင်း အရှိန်အဟုန်ဖြင့် ထိုးဖောက်ဝင်ရောက်ရေးတွင် ဒေသအတွင်းယှဉ်ပြိုင်မှုအား တိုးတက်စေရန်နှင့် ဒေသအတွင်း၌ အကောက်အခွန်လျှော့ပေါ့ခြင်း၊ အကောက်အခွန်မဟုတ်သည့် အတားအဆီးများ၊ ပို့ကုန်၊ သွင်းကုန်အရေအတွက်များကန့်သတ်ခြင်း၊ ဖယ်ရှားခြင်းဖြင့် လွတ်လပ်သော ကုန်သွယ်မှုဒေသကို ထုတ်ဖော်နိုင်ရန်ဟုသိရှိရပါသည်။ ယခုအခါ မြန်မာနိုင်ငံဟာဆိုလို့ရှိရင် ၂၀၁၅ ခုနှစ်မှာ စတင်ကျင့်သုံးလာတော့မှာ ဖြစ်ပါတယ်။ သို့ပါ၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အနေဖြင့် မိမိတို့၏ထုတ်ကုန်များကို ကာကွယ်ရန်အထူးသဖြင့် စက်မှုလုပ်ငန်းများ၊ လယ်ယာထွက်ကုန်ပစ္စည်းများ ကာကွယ်ရန်အတွက် မည်သို့ဆောင်ရွက်ထားသည်ကို သိရှိလိုပါကြောင်းနှင့် မိမိတို့ရရှိနိုင်မယ့် အကျိုးအပြစ်များနှင့်တကွ ခွဲခြားသိလိုပါကြောင်း မေးခွန်းတင်ပြမေးအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးက ဖြေကြားဖို့ဖြစ်ပါတယ်။

**ဦးတင်နိုင်သိန်း(ပြည်ထောင်စုဝန်ကြီး၊အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြစေရန် ဆုတောင်းမေတ္တာပို့သရင်းဂါရဝပြုအပ်ပါတယ်။မန္တလေးတိုင်းဒေသကြီး၊မလှိုင်မဲဆန္ဒနယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးမောက်တင်ပြလာသော ၂၀၁၅ ခုနှစ်တွင် အာဆီယံ လွတ်လပ်သောကုန်သွယ်မှုစနစ် စတင်ကျင့်သုံးတော့မှာ

ဖြစ်တဲ့အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အနေနဲ့ စက်မှုထုတ်ကုန်၊ လယ်ယာထုတ်ကုန်များ ကာကွယ်ရန် မည်သို့ဆောင်ရွက်ထားသည်ကိုသိလိုပါကြောင်း မေးမြန်းချက်နှင့်စပ်လျဉ်းပြီး ကျွန်တော် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဖြေကြားမှာ ဖြစ်ပါတယ်၊ အာဆီယံသည် AFTA ကိုထူထောင်ရန် ၁၉၉၂ ခုနှစ်မှစတင်၍ ဆောင်ရွက်ခဲ့ကြပါတယ်။ ၂၀၁၅ ခုနှစ်မှာ အာဆီယံ စီးပွားရေးအသိုက်အဝန်း ၂၀၁၅ (AEC၊ ၂၀၁၅)ကို စတင်ကျင့်သုံးတော့မှာ ဖြစ်တဲ့အတွက် မြန်မာနိုင်ငံအနေနဲ့လည်း အခြားအာဆီယံအဖွဲ့ဝင် နိုင်ငံများနည်းတူ မိမိတို့ထုတ်ကုန် များအတွက် အကာအကွယ်ပေးမှုများ ဆောင်ရွက်ထားရန် လိုအပ်တဲ့အတွက် ဌာနဆိုင်ရာများ၊ ဒေသအာဏာပိုင်များ၊ ကုန်သည်စက်မှုအသင်းအဖွဲ့များ ပညာပေးဆွေးနွေး ညှိနှိုင်းပြင်ဆင်မှုများကို စဉ်ဆက်မပြတ်ဆောင်ရွက်လာခဲ့ကြပါတယ်။ လွတ်လပ်သောကုန်သွယ်မှုဒေသမှာ တစ်နိုင်ငံနဲ့တစ်နိုင်ငံ၊ ကုန်သည်တစ်ဦးနဲ့တစ်ဦး သူ့ပစ္စည်းကိုယ့်ပစ္စည်းဈေးကွက်မှာ အကောက်အခွန်ကင်းလွတ်စွာနဲ့ ယှဉ်ပြိုင်ရောင်းတဲ့အခြေအနေဖြစ်လို့ စားသုံးသူများကပစ္စည်းခြင်းယှဉ်ရင် ဈေးသက်သာပြီး အရည်အသွေးကောင်းတာကို ဝယ်ယူအားပေးကြမှာ ဖြစ်ပါတယ်။ ဒါကြောင့် မိမိနိုင်ငံထွက်ပစ္စည်းများ ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းရှိအောင် ထုတ်လုပ်မှုကုန်ကျစရိတ်များလျှော့ချခြင်း၊ အခွန်အကောက်များ လျှော့ချပေးခြင်း၊ မလိုလားအပ်သော Transactional Cost များကုန်ကျခြင်းမရှိအောင် ဆောင်ရွက်ပေးခြင်းတို့ကို ဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။ အလားတူ အခြားအာဆီယံနိုင်ငံများက တင်သွင်းလာမယ့် ကုန်ပစ္စည်းများကိုလည်း တားဆီး၍မရနိုင်တော့တဲ့အတွက် မိမိနိုင်ငံအတွင်းက ကုန်ပစ္စည်းထုတ်လုပ်သူများအနေနဲ့ သွင်းကုန်ပစ္စည်းများကြောင့် ထိခိုက်မှုမရှိစေရေးကိုလည်းစဉ်းစား ဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။ ဥပမာအားဖြင့် မိမိထုတ်လုပ်မှုစရိတ် မြင့်မားခြင်းကြောင့် ပြည်ပက ဆပ်ပြာမှုန့်အသေးတစ်ထုတ်ဟာ ရန်ကုန်မန္တလေးအရောက် နှစ်ရာကျပ်ဈေးနဲ့ ရောင်းနိုင်ချိန်မှာ ပြည်တွင်းထုတ်ဆပ်ပြာမှုန့် တစ်ထုတ်ဟာ သုံးရာကျပ်ဈေးနဲ့ရောင်းမှ ကိုက်မယ့်ထုတ်လုပ်မှုစရိတ်မြင့် နေတာမျိုးဆိုရင် စက်ရုံအရှုံးပေါ်ပြီးပြိုလဲမှာဖြစ်ပါတယ်။ လွန်ခဲ့သည့်နှစ် အနည်းငယ်အတွင်းက ပြည်တွင်းရှိရေခဲသေတ္တာ ထုတ်လုပ်သည့်စက်ရုံ ထူထောင်ရင်းနှီးမြှုပ်နှံထားသည့် လုပ်ငန်းရှင်များဟာ ပြည်ပမှရေခဲသေတ္တာ အစိတ်အပိုင်းများတင်သွင်းလာကာ ပြည်တွင်း၌ ပြန်လည်တပ်ဆင်ရောင်းချတဲ့ သွင်းကုန်လုပ်ငန်းရှင်များရဲ့ ပြည်တွင်းရောင်းဈေးနှုန်းကို ယှဉ်ပြိုင် ရောင်းချ နိုင်ခြင်းမရှိတဲ့အတွက် နစ်နာမှုများဖြစ်ပေါ်ခဲ့ပါတယ်။ ၎င်းအပြင် ပြည်တွင်းစက်မှုလုပ်ငန်းရှင်များတင်သွင်းတဲ့ ကုန်ကြမ်း ပစ္စည်းအချို့ရဲ့ အခွန်အခနှုန်းထားများမြင့်မားနေပြီး ကုန်ချောပစ္စည်းတင်သွင်းတဲ့ အခွန်အခနှုန်းထား များဟာသက်သာနေတဲ့အတွက် ပြည်တွင်းက ကုန်သည်လုပ်ငန်းရှင်များထိခိုက်ခဲ့ရတဲ့ အခြေအနေမျိုး

လည်းဖြစ်ပေါ်ခဲ့ပါတယ်။ ၎င်းအခြေအနေများကြောင့် အခွန်အကောက်နှုန်းထားများ ပြန်လည်သုံးသပ်ပြင်ဆင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိပါတယ်။ မိမိနိုင်ငံထုတ်ကုန်များကို ကာကွယ်ဖို့ ယခင်အစိုးရလက်ထက်မှာ အမှတ်(၁) စက်မှုဝန်ကြီးဌာနနဲ့ အမှတ်(၂) စက်မှုဝန်ကြီးဌာနတို့ကဦးဆောင်ပြီး မြန်မာ့စက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဖွဲ့စည်းဆောင်ရွက်ပြီး အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ခဲ့တာဟာ အခြားနိုင်ငံထုတ်ကုန်များကဲ့သို့ မိမိထုတ်ကုန်များ ပိုမိုထုတ်လုပ်နိုင်ရေး ကုန်ထုတ်လုပ်စရိတ်လျှော့ချပြီး အရည်အသွေးတိုးတက်ကောင်းမွန်ရေး ဦးတည်ပညာပေးရည်မှန်းဆောင်ရွက်ခဲ့ခြင်းပဲဖြစ်ပါတယ်။ ပုဂ္ဂလိကကဏ္ဍမှာလည်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ စက်မှုကုန်ထုတ်အသင်း၊ စိုက်ပျိုးရေးအခြေခံစားသောက်ကုန်အသင်း၊ မွေးမြူရေးအခြေခံစားသောက်ကုန်အသင်းတွေဖွဲ့စည်းပြီး ပုဂ္ဂလိကကုန်ထုတ်လုပ်မှုကဏ္ဍမြင့်မားရေးနဲ့ နိုင်ငံတကာနဲ့ဆက်သွယ်ပြီး အရင်းအနှီးနဲ့နည်းပညာများ ချိတ်ဆက်ရရှိရေးပါ ကြိုးပမ်းခဲ့ကြတာတွေ့ရှိရပါတယ်။ ရန်ကုန်တိုင်းဒေသကြီးအစိုးရ ဝန်ကြီးချုပ် ဦးမြင့်ဆွေဟာ ရန်ကုန်စက်မှုဇုန်အသီးသီးက လုပ်ငန်းရှင်တွေနဲ့ဌာနဆိုင်ရာများပူးပေါင်းပြီး အာဆီယံလွတ်လပ်သောကုန်သွယ်မှုအတွက် ဆွေးနွေးပညာပေးမှုအကြိမ်ကြိမ်ပြုလုပ်ခဲ့သလို ဆိုင်ရာဌာနများနဲ့အသင်းများက စက်ရုံအလုပ်ရုံတစ်ခုခြင်း ထိခိုက်နိုင်ဖွယ်ရာများနဲ့ ကာကွယ်စောင့်ရှောက်ရမယ့် နည်းလမ်းရှာရန် အသေးစိတ်ညှိနှိုင်းခဲ့ကြတာလည်း ဆောင်ရွက်ခဲ့ကြပါတယ်။ စိုက်ပျိုးရေးထွက်ကုန်များအပိုင်းမှာလည်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့က အသင်းအဖွဲ့များနဲ့ပူးပေါင်းပြီး မြန်မာ့လယ်ယာထွက်ကုန်များ ထုတ်လုပ်မှုစရိတ်ကျဆင်းရေးနဲ့ အရည်အသွေးမြှင့်တင်အားပေးပြီးဆောင်ရွက်ခဲ့တာတွေ့ရှိရပါတယ်။ အသေးစားနဲ့အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုး တိုးတက်ရေးအတွက်နိုင်ငံတော်အစိုးရက ကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းစဥ်မှာထည့်သွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသလို အမှတ် (၂) စက်မှုဝန်ကြီးဌာနကလည်း အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီရဲ့ လုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ခြင်းဟာ အာဆီယံလွတ်လပ်သောကုန်သွယ်မှုမှာ မိမိနိုင်ငံထုတ်ကုန်များ ဈေးကွက်ယှဥ်နိုင်အောင် ဆောင်ရွက်ခြင်းပဲဖြစ်ပါတယ်။ ထို့အပြင် တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်များ နည်းပညာနှင့်အရင်းအနှီး ပိုမိုတိုးတက်ရရှိစေရန်၊ နိုင်ငံတကာစီးပွားရေးလုပ်ငန်းရှင်များ၊ ကုမ္ပဏီများနှင့်အကျိုးတူ ဖက်စပ်ဆောင်ရွက်ခြင်းဖြင့် ပြောင်းလဲတိုးတက်စေရန်အလို့ငှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိုက်ခရိုစီးပွားရေး

ပေါ်လစီနှင့် နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုပေါ်လစီတို့ကို ပြုပြင်ပြောင်းလဲပြီး မဟာဗျူဟာလုပ်ငန်းစဉ်များ ပြောင်းလဲကျင့်သုံးရန်စီစဉ်လျက်ရှိပါတယ်။ သို့မှသာ အလုပ်အကိုင်အခွင့်အလမ်းများ၊ နည်းပညာလွှဲပြောင်းရရှိမှုများဟာ နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုနှင့်အတူပါရှိလာမှာဖြစ်ပြီး အခြားနိုင်ငံထုတ်ပစ္စည်းများနဲ့ ဈေးကွက်မှာယှဉ်ပြိုင်ဝင်ရောက်နိုင်မှာဖြစ်ပါတယ်။ နိုင်ငံတော်အနေနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပြုပြင်ပြောင်းလဲရေးဆိုင်ရာ အမျိုးသားအဆင့်အလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၁ ခုနှစ်၊ ဩဂုတ်လမှာကျင်းပခဲ့ပြီး နိုင်ငံတော်ရဲ့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကိုအကောင်အထည်ဖော်နိုင်ရန်ဆောင်ရွက်လျက်ရှိပါတယ်။ ယင်းဆွေးနွေးပွဲမှာ အစိုးရပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှုအသွင်ဖြင့် လွတ်လပ်သော ကုန်သွယ်မှုဒေသအတွင်း မြန်မာထွက်ကုန်များကိုကာကွယ်ရန်ဆွေးနွေးမှုများလည်းပါဝင်ပါတယ်။ လယ်ယာထွက်ကုန်အပိုင်းမှာ အခြားနိုင်ငံနဲ့ယှဉ်ပြိုင်ရာမှာထုတ်လုပ်မှုစရိတ်သက်သာပြီး အရည်အသွေးမြင့်မားရေး၊ ထွက်နှုန်းကောင်းရေးတို့အရေးပါသလိုရာသီဥတုနဲ့နည်းပညာ လွှမ်းမိုးနေတာတွေ့ရပါတယ်။ ဥပမာ- ဆန်စပါးမှာထုတ်လုပ်မှုခြင်းယှဉ်နိုင်အောင်၊ ဈေးကွက်ရတာခြင်းယှဉ်နိုင်အောင်၊ ဈေးနှုန်းရတာခြင်းယှဉ်နိုင်အောင် ကြိုးစားကြရမှာဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်အားနဲ့ ကုမ္ပဏီလုပ်ငန်းရှင်များရဲ့ အားကိုပေါင်းစပ်ပြီး၊ အရင်းအနှီးနဲ့နည်းပညာ အားနည်းနေသေးတဲ့ တောင်သူလယ်သမားများရဲ့ စိုက်ပျိုးထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်ကို ကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအစီအမံရဲ့ အဓိကအစိတ်အပိုင်းတစ်ရပ်အဖြစ် အားပေးအကောင်အထည်ဖော်နေခြင်းဖြစ်ပါတယ်။ သရက်သီးအစုအဖွဲ့၊ ဖရဲသီးအစုအဖွဲ့များရဲ့ ကြိုးပမ်းမှုကြောင့်မြန်မာ့သရက်သီး၊ ဖရဲသီးများအခြားနိုင်ငံဈေးကွက်အတွင်းသို့ စီးဝင်နိုင်သော်လည်း လိမ္မော်သီး၊ ပန်းသီးဈေးကွက်မှာ ပြည်ပမှစီးဝင်မှုကြောင့် ပြည်တွင်းလိမ္မော်သီးထုတ်လုပ်မှု ထိခိုက်ကျဆင်းရတဲ့ သင်ခန်းစာကိုတွေ့ရမှာဖြစ်ပါတယ်။ ပြည်ပကကြက်သွန်ဖြူတစ်ပိဿာ ၇၀၀ ကျပ်နဲ့ မန္တလေးအရောက်ကိုဝင်ရောက်ချိန်မှာ ပြည်တွင်းကြက်သွန်ဖြူထုတ်လုပ်မှုသယ်ယူပို့ဆောင်စရိတ်မြင့်မားပြီး တစ်ပိဿာ ၁၀၀၀ အောက်ချမရောင်းနိုင်ပါက မိမိကုန်သည်ရော၊ တောင်သူပါထိခိုက်လာမှာဖြစ်ပါတယ်။ ဒါကြောင့် တစ်ဧကထွက်နှုန်းတိုးပြီး ထုတ်လုပ်မှုစရိတ်ကျရင်၊ အရည်အသွေးပါယှဉ်နိုင်ရင် ကိုယ့်ဈေးကွက်ထိခိုက်မှာမဟုတ်ကြောင်း တွေ့ရှိရပါတယ်။ ဒါကြောင့် အရင်းအနှီး၊ နည်းပညာရရှိရေး၊ အစိုးရဌာနများ၊ အသင်းအဖွဲ့များပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ ကုန်ထုတ်လုပ်မှုအပိုင်းမှာ ကုန်ထုတ်လုပ်တင်ပို့ရောင်းချမှု ကွင်းဆက် (Supply Chain Management) အရေးကြီးပြီး၊ ထုတ်လုပ်မှုစရိတ်၊ သယ်ယူပို့ဆောင်စရိတ်၊ ထုတ်ပိုးမှုနဲ့အရည်အသွေး၊ ဈေးကွက်ခိုင်မာစွာချိတ်ဆက်နိုင်မှုများ ပူးပေါင်းချိတ်ဆက်နိုင်ဖို့လိုပါတယ်။

ဒီလုပ်ငန်းစဉ်တွေကိုလည်း နိုင်ငံတော်က အထူးပြုကုမ္ပဏီများဖွဲ့စည်းချိတ်ဆက်ခြင်း၊ အသင်းအဖွဲ့ ကုန်စည်ဒိုင်များအလိုက် ချိတ်ဆက်ခြင်းတို့ ဆောင်ရွက်ခြင်းဖြင့် အခြားနိုင်ငံဈေးကွက် ယှဉ်ပြိုင်နိုင်အောင်ဆောင်ရွက်လျက်ရှိပါတယ်။ လွတ်လပ်သော ကုန်သွယ်မှုဒေသဖြစ်ချိန်မှာ မိမိနိုင်ငံအတွက် အကျိုးရော၊ အပြစ်ပါတွေ့ရှိရမှာဖြစ်ပါတယ်။ မိမိမှာအားနည်းချက်ရှိရင် ထိခိုက်မှာဖြစ်သလို မိမိက အားသာအောင်ကြိုးစားနိုင်ရင်လည်း အကျိုးကျေးဇူးများခံစားရမှာဖြစ်ပါတယ်။ ဒါကြောင့် ကုန်သည်လုပ်ငန်းရှင်တို့ရဲ့ စွမ်းဆောင်ရည်မြင့်မားမှု အရေးပါကြောင်းတွေ့ရှိရပါတယ်။ နိုင်ငံတိုင်းဟာ အမျိုးသားအကျိုးစီးပွား (National Interest) ကို ဦးစားပေးဆောင်ရွက်ကြရတာဖြစ်ပါတယ်။ သွင်းကုန်ပစ္စည်းများနှင့်ပတ်သက်ပြီး ပြည်ပကဈေးပေါပေါ အရည်အသွေးညံ့ပစ္စည်းများ ဝင်လာလျှင် ဥပမာ-အရည်အသွေး နိမ့်စားအုန်းဆီတင်သွင်းမှု၊ အရည်အသွေးနိမ့် စက်ဆီ၊ ချောဆီတင်သွင်းမှုစတဲ့ စားသုံးသူပြည်သူများထိခိုက်မှုမရှိစေရန် ကာကွယ်မယ့်စားသုံးသူ အကာအကွယ်ပေးရေး(Consumer Protection) ပြည်ပမှအသီးအနှံအစားအသောက်မှတစ်ဆင့် ပြည်တွင်းကိုရောဂါပိုးမွှား ကူးစက်ပျံ့နှံ့မလာအောင် ကာကွယ်မယ့်အပင်ရောဂါ၊ ပိုးမွှားကာကွယ်ရေး (Sanitary/ Phytosanitary) အခွန်လျှော့ပေါ့ပေးထားရတဲ့ နိုင်ငံကမဟုတ်ဘဲ အခြားနိုင်ငံကပစ္စည်းများဈေးပေါပေါနဲ့ ရောနှောဝင်မလာနိုင်အောင်ကာကွယ်မယ့် ပင်ရင်းနိုင်ငံသက်သေခံ(Rule of Origin)၊ ဈေးပေါပေါနဲ့ ပစ္စည်းအတုတွေ ဝင်မလာနိုင်အောင် ကာကွယ်မယ့်ကုန်အမှတ်တံဆိပ်(Trade Mark)၊ နိုင်ငံတစ်နိုင်ငံရဲ့ ဈေးကွက်ထဲကိုဈေးလျှော့ချပြီး ပြည်တွင်းဈေးကွက်ပျက်အောင် စုပြုံဝင်ရောက်မှုကိုကာကွယ်တဲ့ Indidenpim တစ်ဖက်နိုင်ငံရဲ့သွင်းကုန်ပစ္စည်း အမြောက်အများဝင်လာမှုကြောင့် မိမိနိုင်ငံထုတ်ကုန်လုပ်ငန်းများ ထိခိုက်မှုမရှိအောင်ကာကွယ်တဲ့ (Safe Guaed Mechanism) စတဲ့လုပ်ငန်းများနဲ့ ကြိုတင်ပြင်ဆင်ကာကွယ်ရမှာဖြစ်ပါတယ်။ ဒါကြောင့် စီးပွားရေးနဲ့ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှာ သွင်းကုန်လိုင်စင်များအပေါ်စိစစ်တဲ့ (Filter Group) များဖြင့်စိစစ်ခြင်းများပြုလုပ်လျက်ရှိပါတယ်။ သို့ရာတွင် အာဆီယံဒေသတွင်းမှာ ၂၀၁၅ ကစပြီး (Free Flow of Goods)၊ လွတ်လပ်စွာ ကုန်စည်စီးဆင်းမှု အခွင့်အရေးပေးရတော့မှာဖြစ်သလို မကြာမီကကျင်းပခဲ့တဲ့ စီးပွားရေးပြုပြင်ပြောင်းလဲမှုဆိုင်ရာ အလုပ်ရုံအစည်းအဝေးဆွေးနွေးပွဲ၊ ဆွေးနွေးချက်များအရ နောင်အခါမှာ လိုင်စင်စိစစ်မှုစနစ်များကို ဖြေလျှော့ပေးရတော့မှာဖြစ်ပါတယ်။ ဒါကြောင့် ပြည်သူလူထုရဲ့ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းများကို အစိုးရဌာနများကအရာရာမှာ စိစစ်ကာကွယ်ပေးရန်ထက် ကုန်သွယ်လုပ်ငန်းရှင်များက မိမိတို့ အကျိုးအမြတ်တစ်ခုတည်းမကြည့်ပဲ အများပြည်သူအကျိုး၊ အမျိုးသားအကျိုးစီးပွားရှေ့ရှုပြီး၊ အသင်းဖွဲ့များကဦးဆောင်၍ စီးပွားရေးကျင့်ဝတ်များနှင့်တာဝန်သိ စိတ်ဓာတ်နဲ့

ညီညီညွတ်ညွတ်နဲ့ ဝိုင်းဝန်းကာကွယ်ထိန်းသိမ်းသွားဖို့ ပိုမိုအရေးပါလာကြောင်း တင်ပြအပ်ပါတယ်။ အလားတူ အာဆီယံဒေသအတွင်းမှာ ရင်းနှီးမြှုပ်နှံမှုများ လွတ်လပ်စွာစီးဆင်းခြင်း(Free Flow of Investment) အခွင့်အရေးများပေးရတော့မှာဖြစ်သလို ပြည်တွင်းမှာလည်း တိုင်းရင်းသားလုပ်ငန်းရှင်များပိုမိုရင်းနှီးမြှုပ်နှံ လုပ်ကိုင်နိုင်မှသာလျှင် ကြိုတင်ပြင်ဆင်ခုခံကာကွယ်သွားနိုင်မှာဖြစ်ပါတယ်။ အချို့ရင်းနှီးမြှုပ်နှံမှုများကို ပြန်လည်စိစစ်တဲ့အခါ နိုင်ငံခြားသားက နိုင်ငံသားအမည်ခံ၍ ရင်းနှီးမြှုပ်နှံမှုများ ရင်းနှီးမြှုပ်နှံမှုပမာဏမမှန်မကန် ဖော်ပြမှုများကြောင့် အမျိုးသားအကျိုးစီးပွားမထိခိုက်စေရန် စိစစ်ဆောင်ရွက်မှုများ ပြုလုပ်ခဲ့ရပါတယ်။ ထိုသို့ စိစစ်ဆောင်ရွက်ခြင်းဟာ အချို့သော ပြည်တွင်းလုပ်ငန်းရှင်များယူဆသလို နှောင့်နှေးအောင်ပြုလုပ်ခြင်းမဟုတ်ဘဲ အမျိုးသားအကျိုးစီးပွားအတွက် စိစစ်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း သိရှိရန်လိုအပ်ပြီး ၎င်းတို့နှင့် အကျိုးတူဖက်စပ်ပူးပေါင်းဆောင်ရွက်သော နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူ၏ မမှန်မကန်ဆောင်ရွက်မှုများကို မိမိတို့ကပါလိုက်ပါဆောင်ရွက်ခြင်းမပြုဘဲ တာဝန်သိစိတ်ဓာတ်နဲ့ အမျိုးသားအကျိုးစီးပွားရှေ့ရှု ကြိုးပမ်းဆောင်ရွက်သွားရန်လိုအပ်လာတာကို တွေ့ရှိရပါ တယ်။

နိဂုံးချုပ်အားဖြင့် မြန်မာနိုင်ငံအနေဖြင့် ၂၀၁၅ ခုနှစ်မှာ အာဆီယံလွတ်လပ်သော ကုန်သွယ်မှုဒေသပေါ်ပေါက်လာတဲ့အခါ မိမိနိုင်ငံရဲ့ စက်မှုထုတ်ကုန်၊ လယ်ယာထုတ်ကုန်များ ထိခိုက်မှုမရှိစေရန်အတွက်ထုတ်လုပ်မှု စရိတ်လျှော့ချခြင်း၊ ထုတ်ကုန်အရည်အသွေးမြှင့်တင်ခြင်း၊ အခွန်အခနှုန်းထားများပြန်လည်သုံးသပ်လျှော့ချခြင်း၊ မလိုလားအပ်သော Transactional Cost များအား လျှော့ချခြင်းတို့ကို ဆောင်ရွက်ခြင်းဖြင့် မိမိထွက်ကုန်ပစ္စည်းများ ဈေးကွက်ရရှိရေး ဆောင်ရွက်သွားရမှာဖြစ်တဲ့အတွက် ဤသို့ ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပုဂ္ဂလိကအသင်းအဖွဲ့များ၊ တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်များ ပူးပေါင်းလက်တွဲဆောင်ရွက်မှုကို မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဦးအောင်သိန်းလင်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအောင်သိန်းလင်း(တောင်ဥက္ကလာပမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသောပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်းလင်း ဖြစ်ပါတယ်။ ကျွန်တော် တင်ပြမယ့်မေးခွန်းကတော့ ကုန်စည်စီးဆင်းမှုသွက်လက်မြန်ဆန်ရေးအတွက် သီးနှံကုန်သွယ်မှုလုပ်ငန်းတွေမှာ သီးနှံကိုအာမခံထားပြီးတော့မှ ချေးငွေအထောက်အကူပြုတဲ့ အစီအစဉ်နဲ့ပတ်သက်ပြီးတော့မှမေးမြန်းလိုပါတယ်။ သီးနှံကုန်သွယ်မှု လုပ်တဲ့လုပ်ငန်းမှာ သီးနှံများကိုဝယ်ယူခြင်း၊ သန့်စင်ခြင်း၊ ထုတ်ပိုးခြင်း၊

သိုလှောင်ခြင်းလုပ်တဲ့နေရာမှာ ငွေကြေးအမြောက်အများ စိုက်ထုတ်သုံးစွဲကြရတယ်လို့ သိရှိရပါတယ်။ အဲဒီလို ငွေကြေးအမြောက်အမြား စိုက်ထုတ်သုံးစွဲသိုလှောင်ထားပြီးတဲ့နောက်ပိုင်းမှာ တင်ပို့ဖို့စရိတ်နဲ့ နောက်ထပ်သီးနှံတွေ ထပ်မံဝယ်ယူဖို့အတွက် ငွေကြေးလိုအပ်ချက်များ အချို့ရှိကြတာကိုသိရှိရပါတယ်။ အဆိုပါငွေကြေးလိုအပ်ချက်ကို ဝယ်ယူသိုလှောင်ထားတဲ့သီးနှံကို အာမခံထားရှိပြီးတော့မှ ချေးငွေအစီအစဉ်များ လုပ်ပေးနိုင်မယ်ဆိုရင် ငွေကြေးလည်ပတ်မှုမြန်ဆန်ပြီးတော့မှ သီးနှံအသစ်များကိုစဉ်ဆက်မပြတ်ဝယ်ယူပြီးတော့မှ ပို့ဆောင်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်သွားနိုင်မှာဖြစ်တဲ့အတွက် စိုက်ပျိုးတဲ့တောင်သူလယ်သမားများပါ အကျိုးရှိနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ သီးနှံကုန်သွယ်မှုလုပ်ငန်းမှာ ဝယ်ယူသိုလှောင်ထားတဲ့သီးနှံကို အာမခံထားရှိပြီးတော့မှ ချေးငွေဆောင်ရွက်ပေးမယ့် အစီအစဉ် ရှိ၊ မရှိ သိလိုပါတယ်။ ချေးငွေဆောင်ရွက်ပေးမယ့် အစီအစဉ်ရှိပါကဘယ်လိုဆောင်ရွက်ပေးမယ်ဆိုတာကို သိရှိလိုကြောင်း တင်ပြအပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးက ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဦးဝင်းမြင့်(ပြည်ထောင်စုဝန်ကြီး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တက်ရောက်လာကြသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဧည့်သည်တော်များ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းတို့နှင့်ပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် ဖြစ်ပါတယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော်ဒုတိယပုံမှန်အစည်းအဝေးမှာ အခုလိုဖြေကြားခွင့်ရတဲ့အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းဦးစွာတင်ပြလိုပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်းလင်းမေးမြန်းထားတဲ့ သီးနှံကုန်သွယ်မှုလုပ်ငန်းများအတွက်သီးနှံများအားအာမခံအဖြစ်ထားရှိပြီး ချေးငွေများရရှိရေး စီစဉ်ဆောင်ရွက်ပေးရေးကိစ္စမေးမြန်းချက်နဲ့ပတ်သက်လို့ ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ဦးအောင်သိန်းလင်းရဲ့ မေးခွန်းနဲ့ပတ်သက်ပြီးဖြေကြားရရင် နိုင်ငံတော်အစိုးရအနေနဲ့ ကုန်သွယ်မှုလုပ်ငန်းများအတွက် လိုအပ်မယ့်ငွေကြေးကိုဖြည့်ဆည်းပေးနိုင်ဖို့နဲ့ ကောက်ပဲသီးနှံများအား ပြည်ပပို့နေတဲ့ လုပ်ငန်းရှင်ကြီးများအနေနဲ့ ငွေကြေးလည်ပတ်သုံးစွဲနိုင်ရန်ရည်ရွယ်ပြီး ပြည်ပကို ကောက်ပဲသီးနှံတင်ပို့တဲ့လုပ်ငန်းရှင်များအား ကောက်ပဲသီးနှံများ လက်ရောက်အပေါင်(ဘလက်)ရယူပြီး ဘဏ်များမှချေးငွေများအား သတ်မှတ်ချက်များနှင့်အညီထုတ်ချေးရန် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနမှ ၂၀၁၀ ပြည့်နှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့စွဲပါစာအမှတ်၊ ဘခ-၁/၂၇၄-၁၃၁၇/၂၀၁၀ ဖြင့် ညွှန်ကြားချက်ထုတ်ပြန် ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း

ဖြေကြားအပ်ပါတယ်။ အခုလို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်းလင်းရဲ့မေးခွန်းကို ဖြေကြားခွင့်ရတဲ့အတွက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ တက်ရောက်လာကြတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးများ၊ဧည့်သည်တော်များကိုကျေးဇူးတင်ပါကြောင်းနိဂုံးချုပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဒီကနေ့ မေးခွန်းများမေးမြန်းခြင်းမှာ ဦးအေးမောက်၊ မလှိုင်မဲဆန္ဒနယ်ရဲ့ လွတ်လပ်သောကုန်သွယ်မှုဒေသနဲ့ စပ်လျဉ်းတဲ့မေးခွန်းဟာ လွှတ်တော်ကိုယ်စားလှယ်များအပါအဝင် သက်ဆိုင်သူများကို အိပ်ရာမှလန့်နိုးစေတဲ့ မေးခွန်းတစ်ခုဖြစ်ပါတယ်။ ဒီမေးခွန်းဟာ တကယ်တမ်း ကျတော့ သက်ဆိုင်ရာဝန်ကြီးဌာနတစ်ခုတည်းနဲ့ စီမံဆောင်ရွက်နိုင်တဲ့ကိစ္စမဟုတ်ပါဘူး။ ပြည်သူ လူထုထဲမှာပါဝင်ကြတဲ့ အဖွဲ့အစည်းအသီးသီး၊ မြန်မာနိုင်ငံကုန်သည်ကြီးများနဲ့ စက်မှုလက်မှုအသင်း အပါအဝင် စီးပွားရေးဝန်ကြီးဌာနအသီးသီးနဲ့လည်း ဆက်စပ်ဆောင်ရွက်ရမယ့်ကိစ္စ ဖြစ်ပါတယ်။ အင်မတန်မှအရေးကြီးတဲ့ကိစ္စကို အခုလိုမေးလိုက်တဲ့အတွက် ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ် များအထူးသဖြင့်တော့ ဒီနေ့ဖွဲ့စည်းပေးမယ့်ကော်မတီများဟာ ဒီမေးခွန်းနဲ့ဆက်စပ်ပြီးတော့ စဉ်းစား ဆောင်ရွက်စရာတွေ အများကြီးရှိလာမှာဖြစ်ပါတယ်။ တကယ်တမ်းကျတော့ ဒီနှစ် ၂၀၁၁ ခုနှစ်၊ ၁၄ နှစ်ပဲကြာပါတယ်။ ၁၄ နှစ်ဆိုတာ အများကြီးဆိုပေမယ့် ၁၄ နှစ်က ဘယ်လောက်မှ မရှိတဲ့အတွက် ဒီကိစ္စကို ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များအပါအဝင် ဖွဲ့စည်းပေးလိုက်တဲ့ ကော်မတီအသီး ကလည်း ဒီကိစ္စကို အလေးထားစဉ်းစားဆောင်ရွက်မှသာလျှင် မြန်မာနိုင်ငံရဲ့ ရှေ့အနာဂတ်ခရီးဟာ အဆင်ပြေမှာဖြစ်တဲ့အတွက် ကျွန်တော့်အနေနဲ့ လွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာကော်မတီ များကို ဒီကိစ္စလေး အလေးထားစဉ်းစား စီမံဆောင်ရွက်ပေးဖို့ တိုက်တွန်းလို ပါတယ်။ အဲဒီ တိုက်တွန်းတဲ့နေရာမှာ plan တွင် ရပ်မနေဘဲနဲ့ Action of Plan ထိဝင်နိုင်ဖို့ လက်တွေ့ကျတဲ့ ထိရောက်တဲ့အနေအထားမျိုးအထိဖြစ်နိုင်ဖို့အတွက် အမျိုးမျိုးကြံဆတွေးတောသုံးသပ်ပြီးဆောင်ရွက် သွားဖို့လိုအပ်ပါကြောင်း လွှတ်တော်ကတင်ပြပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒီနေ့ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် ပြီးဆုံးပါပြီ။ အစည်းအဝေးကို မိနစ် ၃၀ ခန့် ရပ်နားပါမယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

[ အစည်းအဝေးကို မိနစ် ၃၀ ခန့် ရပ်နားပါသည်။]

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရအစီအစဉ် ပြန်လည်မစတင်မီမှာ အစီအစဉ်ပြောင်းလဲမှုလေးကိုတင်ပြလို ပါတယ်။ ကိုယ်စားလှယ်ကြီးများထံဖြန့်ဝေထားတဲ့ မူလအစီအစဉ်အမှတ်စဉ် ၆ အစား ယခုပြန်လည်

စတင်ချိန်မှာ အမှတ်စဉ် ၁၀ ကနေ စတင်ဆောင်ရွက်ပါမယ်။ အမှတ်စဉ် ၁၀ မှ အမှတ်စဉ် ၁၃ အထိ ဆောင်ရွက်ပြီးချိန်မှာ နေ့လယ်စာစားသုံးရန် ရပ်နားပြီးတော့ နေ့လယ်စာစားသုံးပြီး ပြန်လည်စတင်တဲ့ အချိန်မှာ အစီအစဉ် ၆ မှ ၉ ကို စတင်ဆောင်ရွက်မှာ ဖြစ်ပါတယ်။ နောက်ဆက်လက်ပြီး တင်ပြလိုတာကတော့ အစီအစဉ် ၁၄ မှာတင်ပြထားတဲ့ ၂၀၁၁ ခုနှစ်၊ လယ်ယာမြေဥပဒေကြမ်း တင်သွင်းခြင်း အစီအစဉ်ကိုယနေ့ဆောင်ရွက်ခြင်းမပြုပဲနဲ့ လာမည့်သင့်တော်သည့်ရက်မှာ ဆက်လက်ပြီး ဆောင်ရွက်မှာဖြစ်ကြောင်း ကြိုတင်တင်ပြအပ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး။** ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဥက္ကဋ္ဌ။** ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုတင်သွင်းခြင်း အစီအစဉ်စတင်ဆောင်ရွက်ပါမယ်။ အစီအစဉ်မစခင် တချို့နောက်ပိုင်းက ကျွန်တော်ပြောတဲ့အသံမကြားဘူးဆိုတဲ့ ဒီလိုလည်းသိရပါတယ်။ ဒါကြောင့်မိုလို့ အခုပြောတာကို သဲသဲကွဲကွဲမကြားရတဲ့အတန်းပေါ့လေ ဘယ်ကနေစတာလဲဆိုတာလေး ကျွန်တော်သိချင်ပါတယ်။ မကြားဘူးနော်။ အခုရောကြားပါပြီလား။ ဘယ်ဘက်ခြမ်းတပ်မတော်သားများဘက်ကကြားလား။ ဒါဖြင့် ဒီလိုမကြားတာတော်တော်ကြာခဲ့ပါပြီ။ ဘာကြောင့်လည်းဆိုတော့ ကျွန်တော်စတဲ့နေ့ကမေးတဲ့အခါမှာ ဒီအလယ်မိုက်မဖွင့်ဘူး။ နောက်ကကြားလားဆိုတော့ ကြားတဲ့အတွက် ကျွန်တော်က ဒီဟာကောင်းတယ်ဆိုပြီးတော့ထင်တာ။ ဒီနေ့မှပဲ Complain သိရတဲ့အတွက် မကြားခဲ့တာတွေကို ကျွန်တော်တို့ အစည်းအဝေးမှတ်တမ်းတွေထားပါတယ်။ CD ခွေလည်း ကျွန်တော်တို့ ဖြန့်ဝေပေးနိုင်အောင်ကြိုးစားပါမယ်။ အဆိုတင်သွင်းခြင်း အစီအစဉ်ဆက်လက်ဆောင်ရွက်ပါမယ်။ ခင်ဦးမဲဆန္ဒနယ်မှ ဦးခင်မောင်ရွှေအား အဆိုတင်သွင်းဖို့ဖိတ်ခေါ်ပါတယ်။

**ဦးခင်မောင်ရွှေ(ခင်ဦးမဲဆန္ဒနယ်)။** ။လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဆုတောင်းမေတ္တာပို့သရင်း ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ခင်ဦးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရွှေ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အခြေခံပညာကဏ္ဍတွင် တွဲဘက်သင်ရိုးဝင်ဘာသာရပ်ဖြစ်သော ပြည်သူ့နီတိ၊ လောကနီတိစသည့် အမူအကျင့်စာရိတ္တတို့ ဖွံ့ဖြိုးတိုးတက်စေမည့် သင်ခန်းစာများကို ခေတ်နှင့်အညီ

ပြုပြင်ဖြည့်စွက်၍ သင်ရိုးဝင်ဘာသာရပ်တစ်ခုတွင် ထည့်သွင်းပြဋ္ဌာန်း သင်ကြားပေးနိုင်ရန်နှင့် ပတ်သက်ပြီး ဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်ခင်ဗျား။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ယခင်က စာသင်ကျောင်းများတွင် ဘာသာအသီးသီးတို့မှ အဆိုအမိန့်များ ရှေးပညာရှိကြီးများ၏ လမ်းညွှန်ချက်များကိုထုတ်နှုတ်ပြီး ပြည်သူ့နီတိ၊ လောကနီတိဖြင့်လည်းကောင်း၊ ကန်တော်မင်ကျောင်း ဆရာတော်၏လောကသာရပျို့အားလည်းကောင်း How to win your Friend အားတိုက်ရိုက်ဘာသာ ပြန်ဆို၍ မိတ္တဗလဋီကာအားလည်းကောင်းပြဋ္ဌာန်း သင်ကြားခဲ့ခြင်းရှိခဲ့ပါသည်။ အခုအချိန်တွင် ဘက်စုံပြည့်ဝသည့် နိုင်ငံ့သားကောင်းများ ပြုစုပျိုးထောင်ပေးနိုင်ရေးအတွက် ရည်ရွယ်၍ အခြေခံပညာအဆင့်တွင် တွဲဘက်သင်ရိုးဝင်ဘာသာရပ်အဖြစ် ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်၊ ဘဝအတွက်တာကျွမ်းကျင်စရာ၊ ပြည်သူ့နီတိ၊ လောကနီတိစသည်ဖြင့် ခေတ်စနစ်နှင့်အညီ ဆရာကိုင်စာအုပ်ထုတ်ဝေပြီး သင်ကြားလျက်ရှိကြောင်းကို သိရှိရပါသည်။ တွဲဘက်သင်ရိုးဝင် ဘာသာရပ်တစ်ခုသာဖြစ်သဖြင့် စာမေးပွဲစနစ်ဖြင့် ပြန်လည်စစ်ဆေးခြင်းမရှိသောကြောင့် ယခုထက် ပိုမိုအလေးအနက်ထား သင်ကြားပေးစေရန်ဖြစ်ပါတယ်။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ အနာဂတ် နိုင်ငံတော်၏ခေါင်းဆောင်ကောင်း၊ ပြည်သူကောင်းများဖြစ်စေပြီး စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုကို ရည်ရွယ်၍သင်ကြားပေးမည့် သင့်လျော်သော အကျင့်စာရိတ္တ ကောင်းမွန်စေမည့် သင်ခန်းစာများကို သင်ရိုးဝင်ဘာသာရပ်တစ်ခုအဖြစ် အခြေခံပညာအဆင့်တွင် ပြဋ္ဌာန်းသင်ကြားပေးစေလိုသည့်ဆန္ဒနှင့် ပညာရေးဝန်ကြီးဌာန၏ အကောင်အထည်ဖော်ဆောင်ရွက် နေမှုများအား ပြည်သူအများကျယ်ကျယ်ပြန့်ပြန့် သိရှိစေလိုသည့် စိတ်စေတနာတို့ကြောင့် ယခုကဲ့သို့ ဆွေးနွေးတင်ပြရခြင်းဖြစ်ပါတယ်ခင်ဗျား။ ယခုအခါတွင် ပညာရေးဝန်ကြီးဌာနမှ အကောင်အထည် ဖော်ဆောင်ရွက်နေမှုများသည် ကျွန်တော်၏ လိုလားချက်များနှင့် ထပ်တူထပ်မျှဖြစ်နေကြောင်းသိရှိရ ပါသောကြောင့် ယခုတင်သွင်းသည့်အဆိုကို ထပ်မံဆွေးနွေးရန်မလိုအပ်တော့ဘဲ ပြန်လည်ရုပ်သိမ်း ခွင့်ပြုပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးရွှေမောင်၊ ဘူးသီးတောင်မဲဆန္ဒနယ်မှ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးရွှေမောင်(ဘူးသီးတောင်မဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသောပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့်တကွပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်ကြီးများ အားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပြီး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့နှုတ်ခွန်းဆက်သရင်းဂါရဝပြု အပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ဘူးသီးတောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးရွှေမောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ တက္ကသိုလ်ကောလိပ်နဲ့ သိပ္ပံကျောင်း

များတွင်ကျင့်သုံးမယ့် ခေတ်မီပညာရေးစနစ်တစ်ခုနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်ရှင်းလင်းတင်ပြလိုပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံတွင် ပညာသင်ကြားပေးသော ဆရာ/ဆရာမများကို တပည့်များက အထူးအားကိုးယုံကြည်လေးစားမှုရှိသည်မှာ မည်သည့်နိုင်ငံတွင်မျှမရှိသေးသော အထူးဂုဏ်ယူစရာကောင်းသည့် ယဉ်ကျေးမှုတစ်ရပ်ပင်ဖြစ်ပါသည်။ ဆရာ/ဆရာမများပြောသည့် စကားကိုလည်း မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ တစ်သဝေမတိမ်းလိုက်နာတတ်သော မြန်မာ့ယဉ်ကျေးမှုမှာလည်း အလွန်လေးစားစရာကောင်းလှပါသည်။ ဆရာကန်တော့ပွဲလုပ်သော ထုံးတမ်းစဉ်လာများသည်လည်း ကျွန်တော်တို့မြန်မာနိုင်ငံမှလွဲ၍ အခြားနိုင်ငံများတွင်မတွေ့ရသဖြင့် ဆရာ/ဆရာမများကို အထူးလေးစားတန်ဖိုးထားကြောင်းပေါ်လွင်ထင်ရှားလှပါသည်။

သို့သော်လည်း ကျွန်တော်တို့နိုင်ငံတွင်လက်ရှိကျင့်သုံးနေသောပညာရေးစနစ်မှာ ဆရာ/ဆရာမများကသတ်မှတ်ထားသော သင်ရိုးညွှန်းတမ်းအတိုင်း ပညာသင်ကြားပေးပြီး၊ တပည့်ကျောင်းသူ/ကျောင်းသားများက ဆရာ/ဆရာမများ သင်ကြားသည့်အတိုင်း တစ်သဝေမတိမ်း အာဂုံကျက်မှတ်ကာ စာမေးပွဲ၌ ထိုကျက်မှတ်ထားသည့်စာများကို ပြန်လည်ဖြေကြားပြီးအောင်မြင်သည့် ကျောင်းသူ/ကျောင်းသားများအား အတန်းတင်ပေးသည့်စနစ်ဖြစ်ပါသည်။ ထိုပညာရေးစနစ်၏ ဦးတည်ချက်မှာ အတန်းတက်ရေးဆီသို့သာဦးတည်သဖြင့် အရည်အချင်းပြည့်ဝပြီး တီထွင်ကြံဆနိုင်သောပညာရှင်များ စွာမထွန်းကားနိုင်သဖြင့် နိုင်ငံတော်အတွက် အကျိုးကျေးဇူးမများလှပါ။ ထို့ထက်ပို၍ ဆရာ/တပည့် ရင်းနှီးပွင့်လင်းသော ဆက်ဆံရေးမျိုးရှိပြီး ဆရာကသင်ကြားပေးသည့် ပညာရပ်များကို ဆရာ/တပည့် ပွင့်ပွင့်လင်းလင်း ဆွေးနွေးခွင့်ပြုခြင်း၊ သင်ကြားပေးသောပညာရပ်ကို သုတေသနပြုခြင်း၊ တီထွင်ခြင်း စသည့် ခေတ်မီပညာရေးစနစ်သစ်တစ်ရပ်ကို တက္ကသိုလ်၊ ကောလိပ်နဲ့ သိပ္ပံကျောင်းများတွင်ကျင့်သုံးပါက အရည်အချင်းပြည့်ဝသော နိုင်ငံတကာနှင့် ပိုမိုရင်ဘောင်တန်းနိုင်သည့် ပညာရှင်များပေါ်ထွက်လာကာ နိုင်ငံတော်ကြီးမှာလည်း ကမ္ဘာ့စက်မှုနိုင်ငံများနှင့် ရင်ဘောင်တန်းနိုင်မည်ဟု ယုံကြည်မိပါသည်။ လက်ရှိအခြေအနေတွင် ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနမှလည်း ထိုသို့ ကမ္ဘာ့စက်မှုနိုင်ငံကြီးများနှင့်ရင်ဘောင်တန်းနိုင်အောင် တက္ကသိုလ်ကောလိပ်နဲ့ သိပ္ပံကျောင်းများ၏ သင်ရိုးညွှန်းတမ်း (Syllabus) များကိုလည်းပြုပြင်ပြောင်းလဲဖို့ (Semilar) များပြုလုပ်စေပြီး ခေတ်မီပညာရေးစနစ်သစ်တစ်ခုပေါ်ထွန်းအောင် စီမံဆောင်ရွက်နေတာကို လေ့လာသိရှိရတဲ့အတွက် အထူးပင်အားရကျေနပ်မိပါတယ်။ ထိုခေတ်မီပညာရေးစနစ်သစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပိုမိုကျယ်ကျယ်ပြန့်ပြန့်မြန်မြန်ဆန်ဆန် ပြုလုပ်နိုင်ရေးအတွက် ကျွန်တော့်အနေနဲ့ အပြုသဘောဖြင့် အကြံပြုတင်ပြလိုတဲ့အတွက် ပြည်သူ့လွှတ်တော်သို့ အောက်ပါအတိုင်း အဆိုတင်သွင်းလိုပါတယ်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ၏ တက္ကသိုလ်၊ ကောလိပ်နှင့် သိပ္ပံကျောင်းတို့တွင် လက်ရှိကျင့်သုံးလျက်ရှိသော သင်ကြား၊ ကျက်မှတ်၊ ဖြေဆိုသည့်ပညာရေးစနစ်အစား ဆရာ/တပည့် ပိုမိုရင်းနှီးပွင့်လင်းသော ဆက်ဆံရေးမျိုးရှိသည့် သင်ကြား၊ ဆွေးနွေး၊ သုတေသနပြုတီထွင်သည့် ခေတ်မှီပညာရေးစနစ်တစ်ခုကို အကောင်အထည်ဖော်ကာ ပြည်သူလူထု၏ အသိဉာဏ်ပညာ တိုးတက်အောင်တီထွင်ကြံဆတက်သော ဝိဇ္ဇာ/သိပ္ပံပညာရှင်များပေါ်ထွန်းပြီး နိုင်ငံတော်ကြီးကို ကမ္ဘာ့စက်မှုနိုင်ငံကြီးများနှင့် ရင်ဘောင်တန်းနိုင်အောင် ဆောင်ရွက်သင့်ကြောင်း အဆိုပြုတင်ပြအပ်ပါတယ်။ အားလုံးကိုအထူးကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။အဆိုကိုထောက်ခံမယ့်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးအောင်ဇော်ဝင်း(မောင်တောမဲဆန္ဒနယ်)**။ ။ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဧည့်သည်တော်များ ကိုယ်စိတ်နှစ်ပါးကျန်းမာချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်းမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော့်ကတော့ ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဇော်ဝင်း ဖြစ်ပါတယ်ခင်ဗျား။ လေးစာအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဦးရွှေမောင်၊ ဘူးသီးတောင်မဲဆန္ဒနယ်၏ တက္ကသိုလ်ကောလိပ်နဲ့ သိပ္ပံကျောင်းတို့တွင် လက်ရှိကျင့်သုံးနေသော သင်ကြား၊ ကျက်မှတ်၊ ဖြေဆိုသည့်ရှေးရိုးစဥ်လာပညာရေးစနစ်အစား ထို့ထက်ပိုတဲ့ ခေတ်မီသောပညာရေးစနစ်တစ်ခုကို ဖော်ဆောင်သင့်ကြောင်း အဆိုတင်သွင်းခြင်းအား ထောက်ခံတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဘူးသီးတောင်မဲဆန္ဒနယ်မှ ဦးရွှေမောင်တင်သွင်းတဲ့အဆိုအား ဆွေးနွေးမယ့်ရက်ကို ထပ်မံကြေညာပါမယ်။ ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ဒီကနေ့ညနေပိုင်းမှာ ပြည်သူ့လွှတ်တော် ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းဖို့ဖြစ်ပါတယ်။ နေ့လယ်စာသုံးဆောင်ရန်အစည်းအဝေးကို ၁ နာရီခန့်ရပ်နားပါမယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ အစည်းအဝေးပြန်လည် မစတင်မီမှာ တင်ပြလိုတာလေးတစ်ခုရှိပါတယ်။ မကြာမီ တိုးချဲ့ဖွဲ့စည်းထားတဲ့ ကော်မတီများကိုဖွဲ့စည်းမှု ဆက်လက်ဆောင်ရွက်မှာဖြစ်ပါတယ်။ ယခုကော်မတီများမှာ ဇလွန်မဲဆန္ဒနယ်မှ ဦးတင်ထွတ် ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်မယ့်တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီ၊ ဖျာပုံမဲဆန္ဒနယ်မှ ဦးစိုးနိုင် ဥက္ကဋ္ဌ

အဖြစ်တာဝန်ယူဆောင်ရွက်မယ့် စိုက်ပျိုးရေးနှင့်မွေးမြူရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီမှ ကော်မတီဝင်များအားလုံးဟာ နေ့လယ် ၂ နာရီမှာ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက စံပြစိုက်ခင်းဆောင်ရွက်မှုများကို သွားရောက်လေ့လာရန် အစီအစဥ်ရှိပါတယ်။ ကျန်ရှိတဲ့ ကိုယ်စားလှယ်များအနက်ကတော့ စိတ်ပါဝင်စားတဲ့လိုက်ပါလိုသူ ကိုယ်စားလှယ်များ လိုက်ပါနိုင်ပါတယ်။ ဒီအစည်းအဝေးအပြီးမှာ ဒီကနေပဲသွားရောက်မယ့်နေရာကို တစ်ပါတည်း သွားရောက်နိုင်ရန် မော်တော်ယာဥ်များအဆင်သင့် စီစဥ်ထားပါကြောင်း ကြိုတင်တင်ပြ အပ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၇၉ နှင့် ၈၁ တို့အရ ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်နေ့မှာ လွှတ်တော်ကော်မတီ ၁၈ ခုနှင့် ကော်မရှင်တစ်ခုကို တိုးချဲ့ဖွဲ့စည်းခဲ့ပြီး ယင်းကော်မတီများနဲ့ ကော်မရှင်တွင် ဥက္ကဋ္ဌများကိုရွေးချယ်အတည်ပြုတာဝန်ပေးအပ်ပြီးဖြစ်ပါတယ်။ ဆက်လက်ပြီး ဒီနေ့မှာလည်း ကော်မတီတစ်ခု ထပ်မံတိုးချဲ့ဖွဲ့စည်းမှာဖြစ်ပြီး တိုးချဲ့ဖွဲ့စည်းတဲ့ကော်မတီများရဲ့ ဖွဲ့စည်းမှု တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့် သက်တမ်းသတ်မှတ်ပေးခြင်းများ ဆောင်ရွက်မှာဖြစ်ပါတယ်။ ကော်မတီများတိုးချဲ့ဖွဲ့စည်းရာမှာ လုပ်ငန်းလိုအပ်ချက်အရ မူလကဖွဲ့စည်းထားတဲ့ကော်မတီလေးခုမှာလည်း ကော်မတီဝင်အချို့ကို အောက်ပါအတိုင်းပြောင်းလဲတာဝန်ပေးအပ်မှာ ဖြစ်ပါတယ်။

(က) လက်ရှိပြည်သူ့ငွေစာရင်းကော်မတီမှ အဖွဲ့ဝင် ဦးအောင်မြသန်း၊ ညောင်တုန်းမဲဆန္ဒနယ်အားဥပဒေကြမ်းကော်မတီ အဖွဲ့ဝင်အဖြစ်သို့ လည်းကောင်း၊

(ခ) ဦးညီညီမြင့်၊ အုတ်တွင်းမဲဆန္ဒနယ်အား ပြည်သူ့ငွေစာရင်းကော်မတီ၊ အဖွဲ့ဝင်အဖြစ်လည်းကောင်း၊

(ဂ) လွှတ်တော်အခွင့်အရေးကော်မတီ၊ အဖွဲ့ဝင် ဦးအေးဖေ၊ ကိုကိုးကျွန်းမဲဆန္ဒနယ်နှင့် ဦးသိန်းလွင်၊ ချောက်မဲဆန္ဒနယ်တို့အား တိုးချဲ့ကော်မတီသို့လည်းကောင်း

(ဃ) ဦးအောင်ဆန်း၊ ပန်းဘဲတန်းမဲဆန္ဒနယ်၊ ဦးကျော်နိုင်ဌေး၊ အင်းတော်မဲဆန္ဒနယ်နှင့် တပ်မတော်သားကိုယ်စားလှယ် ကြည်း ၂၇၂၇၁ ဗိုလ်မှူးစိုးသိန်းထွဋ်တို့အား လွှတ်တော်အခွင့်အရေးကော်မတီဝင်များ အဖြစ်လည်းကောင်း ပြောင်းလဲတာဝန်ပေးအပ်မှာ ဖြစ်ပါတယ်။

ဒါ့အပြင် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၇၉ အရ အခြားရေးရာကိစ္စများကိုလေ့လာတင်ပြစေဖို့အတွက် တိုးချဲ့ဖွဲ့စည်းခဲ့တဲ့ ကော်မတီ ၁၈ ခုအပြင် ထပ်မံပြီးလိုအပ်တဲ့ ရေကြောင်းပို့ဆောင်ရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီကို ဥက္ကဋ္ဌအဖြစ် ထားဝယ်မဲဆန္ဒနယ်မှ ဦးကြည်မင်းနှင့်တိုးချဲ့ဖွဲ့စည်းမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်နေ့က ဖွဲ့စည်းခဲ့တဲ့ ယဉ်ကျေးမှုနှင့်ပြည်သူ့ဆက်ဆံရေးဖွံ့ဖြိုးမှုကော်မတီရဲ့ အမည်ကို အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီအဖြစ် ဖြည့်စွက်ပြင်ဆင်ဖွဲ့စည်းမှာဖြစ်ကြောင်းတင်ပြပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုတင်ပြခဲ့တဲ့ ဖွဲ့စည်းမှုများနှင့် စပ်လျဉ်းပြီး လွှတ်တော်ရဲ့သဘောထားရယူပါမယ်။ မူလလွှတ်တော်ကော်မတီအဖွဲ့ဝင်များ ပြင်ဆင်ဖွဲ့စည်းခြင်း၊ ရေကြောင်းပို့ဆောင်ရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီ တိုးချဲ့ဖွဲ့စည်းခြင်းနှင့် ကော်မတီအမည်ဖြည့်စွက်ပြင်ဆင်ခြင်းများကို လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်က သဘောတူတဲ့အတွက် တင်ပြပါ လွှတ်တော်ကော်မတီ အဖွဲ့ဝင်များ ပြင်ဆင်ဖွဲ့စည်းခြင်း၊ ရေကြောင်းပို့ဆောင်ရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီ တိုးချဲ့ဖွဲ့စည်းခြင်းနှင့် ကော်မတီအမည် ဖြည့်စွက်ပြင်ဆင်ခြင်းများကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်ရဲ့အတည်ပြုချက်ထပ်မံရယူရန် လိုအပ်တဲ့အကြောင်းအရာတစ်ခု တင်ပြလိုပါတယ်။ ပြီးခဲ့တဲ့ ပထမပုံမှန်အစည်းအဝေးမှာ လွှတ်တော်ဥက္ကဋ္ဌသည် လွှတ်တော်အစည်းအဝေးတစ်ရပ်နှင့် တစ်ရပ်ကြားကာလမှာ အခြားရေးရာကိစ္စရပ်များကို လေ့လာတင်ပြစေရန်လိုအပ်ပါက ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၄ နှင့်နည်းဥပဒေ ၇၉၊ ၈၀ တို့အရ လွှတ်တော်ကော်မတီများကိုလည်းကောင်း၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၅၊ ၂၆ နှင့် နည်းဥပဒေ ၇၆ တို့အရ ပူးပေါင်းကော်မတီများကိုလည်းကောင်း ဖွဲ့စည်းတာဝန်ပေးအပ်ဆောင်ရွက်ခွင့်ကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူတင်ပြပြီးဖြစ်ပါတယ်။ ယခု ဒီအစည်းအဝေးမှာလည်း ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ ကော်မရှင်နှင့်အဖွဲ့များကို လွှတ်တော်တစ်ရပ်နှင့်တစ်ရပ်ကြားကာလမှာ လိုအပ်ပါက ဖွဲ့စည်းတာဝန်ပေးအပ်ဆောင်ရွက်ခွင့်ကို ရယူလိုပါတယ်။ ဒါမှလည်း လွှတ်တော်ရဲ့ လုပ်ငန်းလိုအပ်ချက်များကို မြန်ဆန်သွက်လက်စွာ ဆောင်ရွက်နိုင်မှာဖြစ်သလို လွှတ်တော်

အစည်းအဝေး ပထမနေ့မှာဖွဲ့စည်းခဲ့တဲ့ တည်ဆဲဥပဒေများအပေါ် စိစစ်သုံးသပ်ရေးကော်မရှင်အတွက်ထပ်မံလိုအပ်တဲ့ ဖွဲ့စည်းတာဝန်ပေးအပ်မှုများကိုလည်း ဆက်လက်ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် လွှတ်တော်သည် လွှတ်တော်ကော်မတီများကလေ့လာသော အကြောင်းကိစ္စများမှအပ ကျန်အကြောင်းအရာများကို လေ့လာရန်လိုအပ်သော ကော်မရှင်နှင့်အဖွဲ့များကို လွှတ်တော်အစည်းအဝေး တစ်ရပ်နှင့်တစ်ရပ်ကြားကာလတွင် ဖွဲ့စည်းဆောင်ရွက်ရန် လိုအပ်ပါက လွှတ်တော်ဥက္ကဋ္ဌသည် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၉ နှင့် နည်းဥပဒေ ၈၁၊ ၈၂ တို့နှင့်အညီဖွဲ့စည်းပြီး၊ အနီးကပ်ဆုံးကျင်းပသည့် လွှတ်တော်အစည်းအဝေး၌ တင်ပြအတည်ပြုချက်ရယူဆောင်ရွက်နိုင်ကြောင်း တင်ပြချက်နှင့်စပ်လျဉ်းပြီး လွှတ်တော်ရဲ့ သဘောထားရယူပါမယ်။ အထက်ပါတင်ပြချက်ကို လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်က သဘောတူတဲ့အတွက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ပြည်သူ့လွှတ်တော်အစည်းအဝေး တစ်ရပ်နှင့်တစ်ရပ်ကြားတွင် လိုအပ်သောကော်မရှင်နှင့်အဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ခွင့်ရှိကြောင်းကို လွှတ်တော်ကအတည်ပြုကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ယနေ့အတွက်လွှတ်တော်အစည်းအဝေးပြီးဆုံးပါပြီ။လာမယ့်စက်တင်ဘာလ ၅ ရက် လွှတ်တော်များအစည်းအဝေးနဲ့ပတ်သက်ပြီးတော့ အချိန်မီထုတ်ပြန်ကြေညာပါမယ်။ ယနေ့အတွက် အစည်းအဝေးကို ရပ်နားကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး** ။ ။ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။